# Mingalaba
# မင်္ဂလာပါ

ADRA

I30 | SEPTEMBER 22



## စင်သီယာ၏ ဇာတ်ကြောင်း

ပိုမိုကောင်းမွန်သော သင်ကြားရေး ပတ်ဝန်းကျင် ဖန်တီးခြင်း

Mingalaba
မင်္ဂလာပါ

အတွဲ ၃၀ | စက်တင်ဘာလ ၂၀၂၂

## မာတိကာ

၂ ဆောင်းပါး
မျက်နှာဖုံးဓာတ်ပုံ
အယ်ဒီတာအဖွဲ့

၃ ဆောင်းပါး
သတင်းစကား

၄ သတင်းစကား
မီဒီယာမှ
ကျွန်ုပ်တို့ဝန်ထမ်းများနှင့် တွေ့ဆုံခြင်း

၅ ကျွန်ုပ်တို့ဝန်ထမ်းများနှင့် တွေ့ဆုံခြင်း
ယခုလ ဓာတ်ပုံကဏ္ဍ

၆ နောက်ဆုံးရ စီမံကိန်းအချက်အလက်များ

၁၀ အလုပ်ခေါ်စာများ/ တင်ဒါခေါ်ယူမှုများ
ကျွန်ုပ်တို့ကို ဆက်သွယ်ရန်

## အယ်ဒီတာအဖွဲ့



မျက်နှာဖုံးဓာတ်ပုံ

ယခုလအတွက် မျက်နှာဖုံးဓာတ်ပုံမှာ MOFA စီမံကိန်းမှ အကျိုးခံစားခွင့်ရှိသူ မစင်သီယာပင် ဖြစ်ပါသည်။
Photo: © 2022 ADRA Myanmar| Win Win Thant

အယ်ဒီတာ/ ဘာသာပြန်
Pyae Phyo Lin

ကြီးကြပ်မှုအယ်ဒီတာ
Vitalie Zegera

ပံ့ပိုးအားဖြည့်ပေးသူများ
Win Win Thant, Nang Nom Hsaing, Kap Khan Mung, Moe July Aung, David Cung Lan Thang , Aung Cho Min, Saw Dawait.

ထုတ်ဝေသူ
ADRA Myanmar

‘ မင်္ဂလာပါ ’ သည် ADRA Myanmar ၏ သတင်းလွှာဖြစ်ပြီး ၂၀၂၀ ပြည့်နှစ်၊ မတ်လတွင် ပြန်လည် မိတ်ဆက်ထုတ်ဝေခြင်းဖြစ်ပါသည်။ ယင်းသတင်းလွှာပါဓာတ်ပုံများနှင့် အကြောင်းအရာများသည် ADRA Myanmar ၏ မူပိုင်လည်းဖြစ်ပါသည်။

ဆောင်းပါး




### ပိုမိုကောင်းမွန်သော သင်ကြားရေး ပတ်ဝန်းကျင် ဖန်တီးခြင်း

အသက် ၉ နှစ်အရွယ် နော်စင်သီယာသည် ကရင်ပြည်နယ်၊ လှိုင်းဘွဲ့မြို့နယ်ရှိ ကျေးရွာတစ်ရွာတွင် လက်ရှိနေထိုင်လျက်ရှိပြီး သုံးတန်းကျောင်းသူတစ်ဦးလည်းဖြစ်သည်။ သူမတွင် မိဘများအပါအဝင် မိသားစုဝင် ခြောက်ဦးရှိသည်။ သူမသည် ယခင်က ကရင်ပြည်နယ်၊ သံတောင်တွင် နေထိုင်သည်လည်းဖြစ်သည်။

ပဋိပက္ခများနှင့် လုံခြုံမှုမရှိသောကြောင့် ၎င်းတို့၏ ဇာတိရွာတွင် စာသင်ကျောင်းမှာ မဖွင့်နိုင်ပေ။ ယင်းကြောင့်သူမသည် မောင်နှစ်မနှစ်ဦးနှင့် အတူ လက်ရှိနေထိုင်သော ကျေးရွာသို့ပြောင်းရွှေ့နေထိုင်ရပြီး ကျောင်းတက်နေရသည်လည်းဖြစ်သည်။ သူမ၏ မိဘနှစ်ပါးများကမူ ဇာတိရွာတွင် နေထိုင်ကျန်ရစ်ခဲ့ပြီး လက်ရှိတွင် အဒေါ်ဖြစ်သူနှင့်အတူ ကျေးရွာတွင် နေထိုင်လျက်ရှိသည်။

“စာသင်ခန်းတွေက နံရံတွေကကပ်နေပြီး အတန်းတိုင်းအတွက် အခန်းတွေလည်း ခွဲမထားတာကြောင့် အရမ်းဆူညံပြီး စာကျက်ဖို့ အာရုံစိုက်လို့ မရပါဘူး။ စာသင်ဖို့ အခက်အခဲတွေ ရှိပါတယ်” ဟု စင်သီယာက ပြောဆိုသည်။

လက်ရှိတွင် ကျောင်းသား၊ ကျောင်းသူ ၄၀ ကျော် တက်ရောက်နေပြီး စုစုပေါင်း သင်ကြားရေး ဆရာ၊ ဆရာမလေးဦး ရှိသည်။

သူမတို့သင်ကြားလျက်ရှိသော ကျေးရွာစာသင်ကျောင်းသည် ကျောင်းအဆောက်အအုံနေရာကျဉ်းခြင်းနှင့် ခေါင်မိုးများမှာလည်း မိုးမလုံခြင်းတို့ကြောင့် ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ စာသင်ကြားရေးအတွက် အခက်အခဲများစွာ ကြုံတွေ့ခဲ့ရသည်။ ယခုအခါတွင် MOFA စီမံကိန်းမှတစ်ဆင့် ADRA သည် ကျောင်းအဆောက်အအုံအသစ်ဆောက်လုပ်နိုင်ရန် ပံ့ပိုးကူညီခဲ့ပြီး သင်ကြားမှု၊ သင်ယူမှုဆိုင်ရာ အထောက်အကူပြုပစ္စည်းများနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးသုံးပစ္စည်းများကိုလည်း ထောက်ပံ့ပေးခဲ့သည်။

“ကျွန်မတို့ဇာတိရွာက သူငယ်ချင်းတွေလည်း ဘေးကင်းလုံခြုံတဲ့ သင်ကြားရေးပတ်ဝန်းကျင်တစ်ခုရဖို့ အမြဲဆုတောင်းပေးပါတယ်။ အခုလို ကျောင်းဆောက်ပေးတဲ့အတွက်လည်း တကယ်ကိုကျေးဇူးတင်ပါတယ်”

ADRA အနေဖြင့်လည်း ကျောင်းသားများအား တစ်ကိုယ်ရေသန့်ရှင်းမှုဆိုင်ရာ အသိပညာပေးသင်တန်းများပို့ချပေးခြင်း၊ တစ်ကိုယ်ရေသန့်ရှင်းမှု မြှင့်တင်သူရွေးချယ်ခြင်း၊ တစ်ကိုယ်ရေသန့်ရှင်းမှုမြှင့်တင်ရေးဆိုင်ရာကော်မတီများကို ဖွဲ့စည်းခြင်းနှင့် ရွေးချယ်ထားသော တစ်ကိုယ်ရေသန့်ရှင်း မှုမြှင့်တင်သူများမှ ကျောင်းသားများအား အုပ်စုဖွဲ့အသိပညာများဖြန့်ဝေခြင်း မိဘများနှင့် အုပ်ထိန်းသူများကို တစ်ကိုယ်ရေသန့်ရှင်းမှုဆိုင်ရာ ရလဒ်များတင်ပြပေးခြင်းတို့ကိုလည်း စီမံကိန်းမှတစ်ဆင့် ဆောင်ရွက်ပေးခဲ့သည်။

ယခုအခါ ကျောင်းသားကျောင်းသူများသည် ပိုမိုကောင်းမွန်သော သင်ကြားရေးပတ်ဝန်းကျင်တွင် လွတ်လပ်စွာသင်ယူနိုင်ပြီဖြစ်သည်။ ထို့ပြင်ပိုမို ကောင်းမွန်သော သင်ကြားရေးပတ်ဝန်းကျင်အသစ်တွင် ၎င်းတို့၏ သင်ယူမှုကို ပိုမိုတိုးတက်လာစေရန် ဖန်တီးလာနေနိုင်ပြီလည်းဖြစ်သည်။

> “ အနာဂတ်မှာ ဆရာကောင်းတစ်ယောက်ဖြစ်ချင်ပါတယ်။ ကျွန်မတို့ကို လက်ခံကူညီပေးတဲ့ ကျေးရွာတာဝန်ရှိသူတွေ၊ ဆရာ၊ ဆရာမတွေအပြင် ပိုကောင်းတဲ့သင်ကြားရေးပတ်ဝန်းကျင်ဖြစ်အောင် ဖန်တီးပေးတဲ့ ADRA နဲ့ အလှူရှင်တွေကိုလည်း ကျေးဇူးတင်ပါတယ်”



## သတင်းစကား

### တန်ဖိုးရှိသော ရလဒ်ကောင်းများ

သဘာဝနှင့် လူတို့ဖန်တီးသော ဘေးအန္တရာယ်များနှင့် ပတ်သက်၍ ပြောင်းလဲနေမှုသည် လူမှုအသိုင်းအဝိုင်းများကို စီးပွားရေးနှင့် လူမှုရေးအရ မတည်မငြိမ်ဖြစ်စေပြီး တုန်လှုပ်ချောက်ချားစေသည်။ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာဝန်ထမ်းများ အနေဖြင့် အထူးသဖြင့် ထိခိုက်လွယ်သောရပ်ရွာများနှင့် လူတစ်ဦးချင်းစီမှ ကြုံတွေ့နေရသော ဆင်းရဲဒုက္ခများကို သက်သာရာရစေမည့် ဆန်းသစ်ပြီး အပြုသဘောဆောင်သော ဖြေရှင်းချက်များကို ရှာဖွေရန် တာဝန်ရှိနေသည်လည်းဖြစ်သည်။ ပါဝင်ပတ်သက်သူ အားလုံး၏ စိတ်နှလုံးတွင် အပြုသဘောဆောင်သော ထင်မြင်မှုများကို ချန်ထားနိုင်ခဲ့စေရန်လည်း ရည်ရွယ်ပါသည်။

ဥပမာအားဖြင့်၊ ရပ်ရွာအဆင့်တွင် ဆောက်လုပ်မှုကို ကြီးကြပ်ကွပ်ကဲသည့် အဆောက်အအုံများကို ပြန်လည်ကြည့်ရှုသည့်အခါ ရေတွင်း သို့မဟုတ် စာသင်ခန်း အဆောက်အုံများ ပြုပြင်မွမ်းမံခြင်း၊ စီမံကိန်းပိတ်သိမ်းချိန်မှ တိုးချဲ့ကာလတစ်ခုအထိ ခိုင်ခံ့နေသေးပြီး ပြုပြင်ထိန်းသိမ်းမှု အနည်းငယ်မျှသာရှိခြင်း သို့မဟုတ် လုံးဝမလုပ်ဘဲ နေကြခြင်းတို့တွင် ခိုင်ခံ့နေခြင်းအပေါ် အသုံးပြုသူများအနေဖြင့် ယင်းထောက်ပံ့မှု၏ အကျိုး

သက်ရောက်မှုကို အသိအမှတ်ပြုပေသည်။  ကျွန်ုပ်တို့ ဝန်ဆောင်မှုပေးသော အေဂျင်စီအနေဖြင့်လည်း ကွန်ရက်အတွင်းရှိ မတူကွဲပြားသည့်စွမ်းရည်များကို အခွင့်ကောင်းအဖြစ်ရယူပြီး လုပ်ဖော်ကိုင်ဖက်များအချင်းချင်းကလည်း တိုးတက်လာစေရန်အတွက် မိမိတို့၏အတွေ့အကြုံများကို အချင်းချင်းမျှဝေ၍ ဆောင်ရွက်သောအခါတွင် လူသားများအတွက်ပိုမိုကောင်းမွန်လာစေရန် အခွင့်အလမ်းများကို ဆောင်ကျဉ်းပေးနိုင်လာသည်။

မည်သို့ပင်ဆိုစေကာမူ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာလုပ်သားများအနေဖြင့် မည်သည့်စွမ်းဆောင်ရည်မျိုးမဆို တန်ဖိုးကြီးပြီး ရေရှည်အကျိုးရလဒ်များကို သေချာစေရန် အကောင်းဆုံးလုပ်ဆောင်ပေးရန်လည်း ကျွန်ုပ်တို့တောင်းဆိုပါသည်။ ၎င်းမှာလည်း သင်ကိုယ်တိုင်နှင့်ပင်စတင်နိုင်သည်။ အပြုသဘောဆောင်သော စိတ်ထားရှိခြင်းနှင့် သင့်ပတ်ဝန်းကျင်ရှိလူများအပေါ်တွင်လည်း အပြုသဘောဆောင်နိုင်ရန် ကြိုးပမ်းဆောင်ရွက်စေလိုပါသည်။

**ဖိလိပ္ပိသြဝါဒစာ ၄း ၁၃ ။ ငါ့ကိုခွန်အားနှင့် ပြည့်စုံစေတော်မူသော ခရစ်တော်အားဖြင့် ခပ်သိမ်းသော အမှုတို့ကို ငါတတ်စွမ်းနိုင်၏**

Dominic N Mwendwa, Humanitarian Operations and Procurement Specialist, ADRA Myanmar




www.adramyanmar.org




## NAW THWE SAY PAW

Accountant | Yangon Head Office

*Q1* **ဘာလူမျိုး / ဘယ်နိုင်ငံသားပါလဲ။**
ကရင်လူမျိုးပါ။

*Q2* **အကြိုက်ဆုံးအစားအစာက ဘာပါလဲ။**
သရက်သီး

*Q3* **အကြိုက်ဆုံးအရောင်က ဘာအရောင်ပါလဲ။**
အဝါရောင်

*Q4* **ပျော်ရွှင်ဖို့အတွက် ဘာကိုလုပ်ရတာ အကြိုက်ဆုံးလဲ။**
သီချင်းနားထောင်ရတာနဲ့ ဈေးဝယ်ထွက်ရတာပါ။

**Q5** ဘယ်နေရာဒေသ ဒါမှမဟုတ် ဘယ်နိုင်ငံကို သွားလည်ချင်ပါသလဲ။

Australia

**Q6** ကိုယ့်ကိုယ်ကိုယ် စကားလုံးတစ်လုံးတည်းနဲ့ ဘယ်လိုအဓိပ္ပာယ်ဖွင့်ချင်လဲ။

Friendly

**Q7** ADRA ကိုဘယ်တုန်းက စတင်ဝင်ရောက်ခဲ့တာပါလဲ။

မေလ ၂၀၁၃ ခုနှစ်။

**Q8** ADRA မှာ အလုပ်လုပ်ရတာ ဘာကြောင့်ကြိုက်နှစ်သက်ပါသလဲ။

မိသားစုတစ်စုလိုအတူတကွဆောင်ရွက်ရတာကြောင့်
ကြိုက်နှစ်သက်ပါတယ်။

# နောက်ဆုံးရ စီမံကိန်း အချက်အလက်များ









## VESI

ယခုလတွင် LIFT မှ ရန်ပုံငွေထောက်ပံ့ထားပြီး မိတ်ဖက် AVSI နှင့် FRC တို့နှင့် အတူပူးပေါင်း ဆောင်ရွက်နေသော VESI စီမံကိန်းသည် အောက်ပါလုပ်ငန်းများကို ပြီးမြောက်ခဲ့သည်။

- နမ္မတူမြို့နယ်နှင့် ကွတ်ခိုင်မြို့နယ်တို့တွင် (သင်တန်းဆင်းကျောင်းသားများ)ကွင်းဆင်း စစ်ဆေးခြင်းဆိုင်ရာ လမ်းညွှန်ချက်များပေးခြင်း

- လားရှိုးမြို့နယ်တွင် အခြေခံကွန်ပြူတာ နှင့် အခြေခံမော်တော်ဆိုင်ကယ်ပြုပြင်ခြင်း သင်တန်းများအတွက် ညှိနှိုင်းဆွေးနွေးခြင်းနှင့် ကောက်နုတ်ချက်များစုဆောင်းခြင်း။

- Vocational Training တွင်ပါဝင်ရန် စိတ်ဝင်စားသော ကျောင်းသားများကို စုဆောင်းခြင်း။

## BRIGHT

ယခုလတွင် Global Affairs Canada နှင့် ADRA Canada တို့က ရန်ပုံငွေထောက်ပံ့ပေးထားသော BRIGHT စီမံကိန်းသည် အောက်ပါလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါသည်။

Col Meal လှူပ်ရှားမှုအနေဖြင့် ရှမ်းပြည်နယ်မြောက်ပိုင်း၊ နမ္မတူမြို့နယ်နှင့် လားရှိုးမြို့နယ်တို့တွင် လူထုစီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်များအတွက် အကဲဖြတ်ခြင်းဆိုင်ရာ သင်တန်းများကို အသီးသီးပို့ချပေးခဲ့သည်။ ဤသင်တန်းတွင် ရပ်ရွာအဖွဲ့ဝင် ၂၆၄ ဦး တက်ကြွစွာ ပါဝင်ခဲ့ကြသည်။

ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတို့မှ အကျိုးခံစားခွင့်ရှိသူ ၁၀၆ ဦးအား အစားအသောက်ပြုပြင်ရေးသင်တန်းနှင့် ဆပ်ပြာပြုလုပ်နည်းသင်တန်းများ ပို့ချပေးခဲ့ပါသည်။









# နောက်ဆုံးရ စီမံကိန်း အချက်အလက်များ





## ELACAP

USAID မှ ရန်ပုံငွေပံ့ပိုးပေးထားပြီး မိတ်ဖက် CIDKP နှင့် ပူးပေါင်းဆောင်ရွက်နေသော ELACAP စီမံကိန်းသည် ကရင်ပြည်နယ်၊ လှိုင်းဘွဲမြို့နယ်တွင် ရေပေးဝေရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါထောက်ပံ့မှုမှ အိမ်ထောင်စု ၃၅ စု (အမျိုးသား ၁၀၆ ဦး၊ အမျိုးသမီး ၁၁၂ ဦး) သည် တိုက်ရိုက်အကျိုးခံစားခွင့်ရရှိခဲ့သည်။

ယင်းဆောင်ရွက်မှုသည် စီမံကိန်းအဓိက ဆောင်ရွက်ရာ ကျေးရွာအတွင်း ရေနှင့်ပတ်သက်သော ရောဂါဖြစ်ပွားမှုကို လျှော့ချပေးနိုင်မည်ဖြစ်ပြီး စစ်ရှောင်များနှင့် လူထုအသိုင်းအဝိုင်းသည် သန့်ရှင်းသောရေအရင်းအမြစ်ကို အလွယ်တကူအဆင်ပြေစွာဖြင့် လက်လှမ်းမီနိုင်စေရန် သေချာစေမည်လည်းဖြစ်သည်။





## SEAQE2

ယခုလတွင် Norad နှင့် ADRA Norway တို့က ရန်ပုံငွေထောက်ပံ့ပေးထားသော SEAQE2 စီမံကိန်းသည် အောက်ပါလုပ်ငန်းများကို ပြီးစီးခဲ့သည်။

SEAQE2 စီမံကိန်းသည် ဆရာဖြစ်သင်တန်းကို စာသင်ကျောင်း ၅ ကျောင်း၊ သက်ဆိုင်ရာအစုအဖွဲ့ (၅) ခုအတွက်ရည်ရွယ်၍ SEAQE2 စီမံကိန်းဝန်ထမ်းများမှ ပို့ချပေးခဲ့သည်။

ACS ကျောင်း ၁၁ ကျောင်းမှ သင်တန်းသားစုစုပေါင်း ၇၂ ဦး (အမျိုးသားဆရာ ၂၁ ဦး၊ ဆရာမ ၅၁ ဦး) တက်ရောက်ခဲ့သည်။

အဆိုပါသင်တန်းတွင် သင်ကြားရေးဗျူဟာများ(တိုက်ရိုက်သင်ကြားမှု၊ သွယ်ဝိုက်သင်ကြားမှု၊ ပူးပေါင်းဆောင်ရွက်မှု၊ သင်ယူမှု၊ အမှီအခိုကင်းသောလေ့လာမှု)နှင့် အကြမ်းဖက်မှုကင်းစင်သောပညာရေး (အပြုသဘောဆောင်သော စည်းကမ်းလိုအပ်ချက်များ၊ စာသင်ခန်းအတွက် အကြံပြုချက်များနှင့် ဗျူဟာများ) စသည့်အကြောင်းအရာများပါဝင်သည်။







# နောက်ဆုံးရ စီမံကိန်း အချက်အလက်များ









## WCP

UNICEF မှ ရန်ပုံငွေထောက်ပံ့ထားသော WCP စီမံကိန်းသည် ယခုလအတွင်း အောက်ပါ လုပ်ငန်းများကို ဆောင်ရွက်ပြီးစီးခဲ့သည်။

လှိုင်းဘွဲမြို့နယ်တွင် ခေါင်းဆောင်မှု၊ စေ့စပ်ညှိနှိုင်းရေး ကျွမ်းကျင်မှုသင်တန်းကို ပို့ချပေးခဲ့သည်။ ယင်းသင်တန်းသို့ အမျိုးသမီး၊ လူငယ်များနှင့် ရပ်ရွာခေါင်းဆောင်များ အပါအဝင် ရပ်ရွာလူထုအဖွဲ့ဝင် ၂၇ ဦး တက်ရောက်ခဲ့ကြသည်။

ဒေသခံလူငယ်များနှင့် တစ်ကိုယ်ရေသန့်ရှင်းမှုမြှင့်တင်ရေး ကျွမ်းကျင်မှုသင်တန်းကိုလည်း လှိုင်းဘွဲမြို့နယ်တွင် ပြုလုပ်ခဲ့သည်။

အဆိုပါသင်တန်းတွင် အမျိုးသမီးလူငယ် သုံးဦးကို လေ့ကျင့်သင်ကြားပေးခဲ့သည်။ ယင်းလူငယ်သုံးဦးသည် လှိုင်းဘွဲမြို့နယ်ရှိ ရပ်ရွာလူထုအား တစ်ကိုယ်ရေသန့်ရှင်းမှု မြှင့်တင်ရေး အသိပညာများ ဖြန့်ဝေရန် ရည်ရွယ်ခြင်းဖြစ်သည်။

သင်တန်းဒုတိယအသုတ်တွင် အမျိုးသား ၉ ဦးနှင့် အမျိုးသမီး ၉ ဦး စုစုပေါင်း လူငယ် ၁၈ ဦး၊ တက်ရောက်ခဲ့သည်။





## SHAPE

MFAT နှင့် ADRA New Zealand မှ ရန်ပုံငွေထောက်ပံ့ပေးထားသော SHAPE စီမံကိန်းသည် တောင်သူသင်တန်းကျောင်း သင်တန်းကို ပို့ချပေးခဲ့သည်။

အဆိုပါသင်တန်းတွင် ထောပတ်သီး၊ သံပုရာသီးနှင့် ကော်ဖီစိုက်ပျိုးပြုစုခြင်းနည်းစနည်းများပါဝင်ပြီး အပင်အမြင့်၊ အပင်အရွက်၊ အပင်၏ပင်စည်အချင်း၊ ပိုးမွှားကျရောက်မှုနှင့် ရောဂါများ နှိုင်းယှဉ်လေ့လာခြင်း အပါအဝင် အပင်ကြီးထွားမှုဆိုင်ရာ လေ့လာမှုတို့အပေါ် အဓိကထား၍ လေ့ကျင့်သင်ကြားပေးခဲ့ပါသည်။ ယင်းသင်တန်းသို့ တောင်သူစုစုပေါင်း ၉၅ ဦး တက်ရောက်ခဲ့သည်။

Natural Resources Management အရာရှိ ဦးဆောင်သော ရပ်ရွာလမ်းညွှန်အစည်းအဝေးကို ကျန်စီမံကိန်းခြောက်ရွာတွင် ပြုလုပ်ခဲ့သည်။ ယင်းတွေ့ဆုံပွဲများတွင် ရပ်ရွာခေါင်းဆောင်များ၊ ကော်မတီဝင်များနှင့် တောင်သူလယ်သမားများ စုစုပေါင်း ၁၅၇ ဦး တက်ရောက်ခဲ့သည်။





## အလုပ်ခေါ်စာများနှင့် တင်ဒါခေါ်ယူမှုများ

အောက်ဖော်ပြပါရာထူးများနှင့် ပတ်သက်၍ မည်သို့လျှောက်ထားရမည်ကို အသေးစိတ် သိရှိနိုင်ရန် **www.adramyanmar.org/jobs** တွင် ဝင်ရောက်လေ့လာနိုင်ပါသည်။

## ကျွန်ုပ်တို့နှင့် ဆက်သွယ်ပါ။

**The Adventist Development & Relief Agency Myanmar**
Apartment 3-2, 4th Floor, Block A, E Condominium,
Zay North Street (Off U Wisara Road),
Dagon Township, Yangon MYANMAR 11191

Phone: +95 1 240 900
Email: admin@adramyanmar.org
Website: www.adramyanmar.org

**ADRA Myanmar** အနေဖြင့် လိမ်လည်ခြင်း၊ အကျင့်ပျက်ခြစားခြင်းနှင့် ကလေးသူငယ်များကို ထိပါးနှောင့်ယှက်ခြင်း စသည့်ကိစ္စရပ်များနှင့် ပတ်သက်၍ လုံးဝလက်ခံသည်မဟုတ်ပါ။ အဆိုပါကိစ္စရပ်များနှင့် ပတ်သက်၍လည်း **www.adramyanmar.org/report** တွင် ပေးပို့တင်ပြနိုင်ပါသည်။

# ဝန်ထမ်းသစ် မိတ်ဆက်



**TIN TIN MYO**
Project Assistant
ReCAP Project



**MYAT THUREIN SOE**
Health Officer
ReCAP Project



**LA PYAE MAUNG**
Field Logistic Officer
BRIGHT Project

# CALENDAR



## OCTOBER 2022

| SUN တနင်္ဂနွေ | MON တနင်္လာ | TUE အင်္ဂါ | WED ဗုဒ္ဓဟူး | THU ကြာသပတေး | FRI သောကြာ | SAT စနေ |
|---|---|---|---|---|---|---|
| 30 | 31 | | | | | 1 |
| 2 | 3 | 4 | 5 | 6 | 7 | 8 |
| 9 | 10 Thadingyut Holiday | 11 | 12 | 13 | 14 | 15 |
| 16 | 17 | 18 | 19 | 20 | 21 | 22 |
| 23 | 24 Deepavali Holiday | 25 | 26 | 27 | 28 | 29 |

### UPCOMING EVENTS

Timesheets are due on the 25th of each month

Holidays:
October 10 - Thadingyut Holiday

October 24 - Deepavali Holiday

**'MINGALABA'**
Next Volume:
15 November 2022

ADRA